# လှော်တက်တို့ရဲ့ အသံ

တရာများ



# လှော်တက်တို့ရဲ့ အသံ

## ကဗျာများ



# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>(၂၀၁၉ ခုနှစ်၊ ဧပြီ) |
| မျက်နှာဖုံးဒီဇိုင်း | - | တေးကူး |
| စာမျက်နှာဖွဲ့စည်း | - | အယ်လုံး ကွန်ပျူတာ |
| ထုတ်ဝေသူ | - | ဦးမြင့်ကြိုင်<br>ရွှေယောမြေစာပေ (၀၁၆၃၉) |
| ပုံနှိပ်သူ | - | ဦးသော်ဇင်လင်း။ (၀၁၅၃၆)<br>Apex ပုံနှိပ်တိုက်<br>၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | နှောင်းအင်းလေး စာပေ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ |

ကလောင်စုံ

လှော်တက်တို့ရဲ့အသံ/ ကလောင်စုံ

- ရန်ကုန်၊ ရွှေယောမြေစာစဉ်၊ ပထမအကြိမ်၊ ၂၀၁၉။

၄၂ စာ၊ ၁၉. ၅ × ၁၃. ၅ စင်တီ။

(၁)လှော်တက်တို့ရဲ့အသံ

# မာတိကာ


| | | |
|---|---|---|
| ✷ | ဦးဌေးဝင်း၏ နှုတ်ခွန်းဆက်စကား | ၅ |
| ✷ | ကိုနေမင်းထွန်း၏ ရင်တွင်းစကားသံ | ၇ |


## ဂါရဝစာများ


| | | | |
|---|---|---|---|
| ၁။ | အင်းလေးကန် | ဆရာကြီးမင်းသုဝဏ် | ၉ |
| ၂။ | အင်းလေးကအပြန် | ဆရာကြီးတင်မိုး | ၁၀ |
| ၃။ | မြန်မာ့အလှအင်းလေး | ဆရာကြီးမောင်ရွှေနွယ် (အင်းလေး) | ၁၂ |


## မိုင်းရှိုး - အင်းတိန် စာပေဟောပြောပွဲတွင် ဟောပြောသည့်ဆရာတို့၏ ကဗျာ၊စာ


| | | | |
|---|---|---|---|
| ၁။ | ဆွေမျိုးတော်တယ် | ညီပုလေး | ၁၄ |
| ၂။ | အင်းလေး | စောဝေ | ၁၅ |
| ၃။ | သမီးလေးအတွက်ကဗျာ | ဂျင်မီ | ၂၀ |
| ၄။ | အတွေးစကား | ဦးဘုန်း(ဓာတု) | ၂၀ |

## ခေတ်ပေါ်ကဗျာဆရာတို့၏ ကဗျာများ

၁။ ရှက်စရာတဲ့ငါတို့ - ရွှေညာနိုင်စိုး ၂၂
၂။ အင်းလေး - လင်းထိပ်သျှင် ၂၃
၃။ ရောင်တော်ပြန်ကင်းရှင်းမှ
ရန်တော်ပြောင်မယ့်ကိန်း - ရာမိုးဇင် ၂၄
၄။ အင်းလေးရေ . . . - တင်ယုယုခိုင် ၂၈
၅။ လောက - ကိုနွေသစ်(ဒဂုံမြေ) ၂၉
၆။ မဝေးတဲ့ဖူးစာ - စုစုလှိုင်(ဟဲပေါက်) ၃၀

## အင်းလေးကဗျာဆရာတို့၏ ကဗျာ

၁။ ဆန်းတင့်အင်းလေး - မယ်သီရိ(အင်းလေး) ၃၂
၂။ နိုးရာမေ့သူများသို့ - မောင်ရာကျော်(အင်းလေး) ၃၄
၃။ လှေ - ကိုကျား ၃၅
၄။ ချယ်ရီပွင့်ပြီခင် - ရွှန်လော ၃၆
၅။ ကြက် - ပဥ္စ ၃၇
၆။ လျှော်ခတ်နေတုန်းကြားလိုက်ရတဲ့အသံ - ကွန်မြူး ၃၈
၇။ ပိန်းတောလှေ (၂၆) - အယ်ကျော်မြတ်ခိုင်(အင်းလေး) ၄၀
၈။ အမှိုက်များနှင့် စိန်ခေါ်သံ - အယ်ကောင်း ၄၁
၉။ ရောင်နီဦးရဲ့အသံ - မယ်နောင်းနောင်း(အင်းလေး) ၄၂

## သင်္ကြန် ကဗျာများ

၁။ အင်းလေးသင်္ကြန် - မောင်ရာကျော်(အင်းလေး) ၄၃
၂။ နှစ်သစ်ဆုတောင်း - ညီမြခင် ၄၄
၃။ ရေပေါ် သင်္ကြန် မပျော်ရန်-အယ်ကျော်မြတ်ခိုင်(အင်းလေး)၄၅

# နှုတ်ခွန်းဆက်စကား

မိတ်ဆွေများအားလုံး နှစ်သစ်မှာ ပျော်ရွှင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ မိုင်းပျဉ်းကျေးရွာအုပ်စုမှာ နေထိုင်ကြတဲ့ သူတွေဟာ အင်းလေးဒေသမှာတော့ ခေတ်အဆက်ဆက် ဘာသာအရေး၊ လူမျိုးအရေး၊ နိုင်ငံ့အရေးမှာ နောင့်နှေးလေးဖင့်မှု မရှိဘဲ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြသူတွေပါ။

အခုလည်း နိုင်ငံကျော်စာရေးဆရာ၊ ကဗျာဆရာများနဲ့ စာပေဟောပြောပွဲကို ကျင်းပနိုင်ခဲ့ပါပြီ။ အင်းလေးဒေသမှာတော့ ပထမဆုံးဟောပြောပွဲ မဟုတ်ပေမယ့် မိုင်းပျဉ်းအတွက် ပထမဆုံး ပွဲဦးထွက် ဟောပြောပွဲဖြစ်ပါတယ်။

ကျွန်တော်တို့ အင်းလေးမှာ ရှေးအတိတ်ကတည်းက အင်းသူ အင်းသားများဟာ အေးချမ်းစွာရိုးသားစွာ နေထိုင်လိုကြ သူများဖြစ်ပါတယ်။ ခေတ်စနစ်အပြောင်းအလဲမှာ တစ်ဖက်က ပညာတတ်များပေါ်များလာသလို တစ်ဖက်မှလည်း ပညာကို အသုံးချတတ်မှု လိုအပ်လာတယ်လို့ ယင်မြင်မိပါတယ်။

ဒီမိုကရေစီရဲ့ အနှစ်သာရပြည့်ဝမှုကို သိရှိနိုင်ရန်၊ တိုင်းရင်းသားလူမျိုးအရေးများကို နားလည်စေရန် ဆိုတဲ့ ရည်ရွယ်ချက်၊ အထူးသဖြင့် လူငယ်မောင်မယ်များ စာဖတ်စွမ်းရည်မြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် အခု စာပေဟောပြောပွဲကို ကျင်းပနိုင်အောင် ကြိုးစားရခြင်းဖြစ်ပါတယ်။

စာပေဟောပြောပွဲ ပြုလုပ်ရခြင်းအထိမ်းအမှတ်အဖြစ် အမှတ်တရတစ်ခုအနေဖြင့် ယခုစာအုပ်ကို စီစဉ်ထုတ်ဝေရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ လာရောက်ဟောပြောပေးတဲ့ စာရေးဆရာ၊ ကဗျာဆရာများနှင့် ယခုစာအုပ်တွင် ပါဝင်ရေးသား ပေးကြတဲ့ ဆရာ ဆရာမအပေါင်းကို လှိုက်လှိုက်လှဲလှဲ ကျေးဇူး တင်ပါတယ်။

အခု စာပေဟောပြောပွဲ ကိုနေမင်းထွန်း(ခ) ဖိုးသားကြီး၊ ဟပ်ပုံးရွာနှင့် ရိုးသားကြိုးစား အမြင်မှန်အင်းသားများ group မှ ကြီးမှူးဆောင်ရွက်ခြင်းဖြစ်ပြီး အင်းလေးဒေသ၊ အင်းအလယ်ပိုင်း ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်မိရပ်ဘများနှင့် ဒေသခံလူငယ် မောင်မယ်တို့ ပူးပေါင်းကြိုးစား စုပေါင်းညီညွတ်စွာ ဆောင် ရွက်ကြခြင်း ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ဒေသအတွက် ဆောင်ရွက်ဖွယ်ရာများကို အမြဲတမ်းလက်တွဲလျှက် အားပေးကူညီ ခဲ့ကြသော ကြေးထက်ရွာမှ ဒေသခံလူငယ်မောင်မယ်များကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ငွေအား လူအား အကြံဉာဏ်အားဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြပါသော ညီအစ်ကို မောင်နှမ ဆွေမျိုးမိတ်ဆွေများအားလုံးနှင့် အမည်အားဖြင့် မပါဝင်သော်လည်း ကျေးဇူးပြုကြသော မိတ်ဆွေများကို ကျေးဇူး ဥပကာရတင်ရှိပါတယ် ဆိုတဲ့အကြောင်း မှတ်တမ်းတင် ဂုဏ်ပြု စကားပြောကြားရင်း မော်ကွန်းမှတ်တမ်းရေးထိုး အပ်ပါတယ် ခင်ဗျား. . . .


မေတ္တာဖြင့်

**ဦးဌေးဝင်း**
အုပ်ချုပ်ရေးမှူး၊ မိုင်းပျိုးကျေးရွာအုပ်စု
၁-၄-၂၀၁၉

## ရင်တွင်းစကားသံ

အင်မတန် ဝမ်းနည်းစရာကောင်းတာက
ဖယ်ဒရယ်စနစ်ကို
လက်ခံမယ် လိုက်နာမယ်ဆိုတဲ့ လူတွေရဲ့စိတ်မှာ
လူသားဆိုတဲ့အတွေးမရှိ၊
နိုင်ငံသားဆိုတဲ့ ခံယူချက် ရှိမနေတာပါပဲ။
ဖယ်ဒရယ်ကို
ကိုယ့်လူမျိုးအတွက်ရပိုင်ခွင့်လို့ပဲမြင်တာ
အင်မတန်ရင်နာရတယ်။

**ဖိုးသားကြီး(ခ) နေမင်းထွန်း**



## အင်းလေးကန်

တောင်ပတ်ဝန်း၍
မျှော်မှန်းလေရာ၊ စိမ်းလဲ့ပြာသည်
နန္ဒာကန်လော၊ ငါတွေးတောခဲ့။ ။


သစ္စာမချွတ်၊ မေတ္တာဆွတ်၍
ညီညွတ်မျှတ၊ ဆက်ဆံကြသည်
ဓမ္မပါလော၊ ငါတွေးတောခဲ့။

ထိုအင်းထိုကန်၊ ထိုရပ်ဌာန်တွင်
ကြည်မွန်တရား၊ ကျင့်ပွားများလျက်
ရှည်လျားသံသာ၊ တို့ကြောင်းရှာမူ
သင့်ရာသလော၊ ငါတွေးတောခဲ့။ ။

သို့တွေးတောလည်း
သံယောဇဉ်တပ်၊ ငါ့မွေးရပ်သို့
ချဉ်းကပ်ရန်သာ၊ ရှောင်ခဲ့ခွာသည်
ဘယ်ခါဆန္ဒ ပြည့်ပါအံ့။ ။

မင်းသုဝဏ်

(၁၉၆၁၊ ဖေဖော်ဝါရီ၊ ငွေတာရီ)
အင်းယားကန်သို့အိုကူးတို့ ကဗျာစာအုပ်မှ



## အင်းလေးကအပြန်

သက်တံတွေ လှေကိုဝိုင်းလို့
လှိုင်းဖြူနဲ့ လိုက်လာတယ်။

အင်းလေးကန် မျှော်မဆုံး
နေလုံးနီ တောင်ပေါ်ငေးလို့
မေးတင်ခိုက်ဝယ်။

စက်လှေယက်ရေ ဖွေးသနဲ့
အင်းလေးက ကျွန်းအလယ်
လွမ်းဖွယ်ပရွှခင်း။

ဟိုရွာဝင် သည်ရွာကူး
လှေဦးမှာ မျှော်ချင်မျှော်
လှော်ချင်ရာ လှော်ကာခတ်ပါလို့
ကပ်ချင်ရာ ရွာကိုကပ်ခဲ့တယ်
နတ်ဖန်တဲ့အင်း။

အင်းပြင်ကို တောင်တံတိုင်းက
ပတ်ဝိုင်းလို့ စိမ်းညို့ပြာ။


ဆည်းဆာရောင် တောင်ပေါ်ခတော့
လှလေစွ ကဗျာ။

ရေရောင် နေရောင် ရွှေရောင်တန်းတွေနဲ့
လာလမ်းကို တန်ဆာဆင်လို့
အလင်္ကာ ဂုဏ်အလှတွေက
မျက်မှောက်တွင် ကိုယ်ထင်ပြပြီမို့
အဘူတ အရသာ
အံ့ဖွယ်ပါ အလှများ။

စက်လှေပေါ်တွင်
အလှတုန်စည် တင်၍
သည်အင်းပြင် ကျယ်သရွေ့မှာလ
မောင်မွေ့ကာ နေချင်စမ်းသော်လည်း
တောင်ကွေ့မှာ ရွှေမှုင်ဆမ်းချိန်မို့
လွမ်းတတ်သူ အိမ်ကိုပြန်ပေါ့
စက်သံ ငှက်သံ တေးတွေနဲ့
နက်ဖြန် နက်ဖြန် အရေးကို
တွေးခဲ့ပြီတကား. . . .။

တင်မိုး

၁၁-၁-၁၉၇၃
နှင်းဆီပွင့်ပေါ်အိပ်ပျော်ခြင်း ကဗျာစာအုပ်မှ



## မြန်မာ့အလှအင်းလေး

* ဘုန်းရောင်ကွန့်မြူး၊ ဖောင်တော်ဦးမြတ်ရှင်
ကမ္ဘာအနှံ့၊ သတင်းပျံ့လွှင့်လွင်
လာရောက်ဦးတင်၊ ဖူးမြင်ရှိကျိုး
ဆွမ်းပန်းရေတော်၊ ကပ်ပူဇော်
တော်ရော်လက်စုံမိုးသည့်နှင့်လေး။

* စဉ်လာမညှိုး၊ တစ်မျိုးအံ့စရာနော်
နိုးရာမပျောက်၊ ခြေထောက်ဖြင့်လှေလှော်
လေးဆယ်မှရာကျော်၊ လှေပေါ်မှာ "လှော်သား"
ပြိုင်လှေရှည်မျော၊ ညာသံသော
"လေ့လေ့ဟော" လို့ ကြွားသည့်နှင့်လေး။

* ပြိုင်စံဟုရှား၊ ထူဆစ်ထားလက်ရာ
အင်းယဉ်ကျေးမှု၊ နုအလှပညာ
“ဆယ်ပွင့်ပန်း”အလာ၊ ရှိုးရာဟန်ဖွဲ့
ပန်းထိမ် ပန်းပဲ၊ ပန်းယွန်းလည်း
ထူးကဲလက်ရာနွဲ့ သည်နှင့်လေး။

* တစ်မျိုးရှုလှည့်၊ အံ့ဘွယ့်နည်းပညာ
ရေပြင်တကြော၊ ရေမျောကျွန်းပေါ်မှာ
ခရမ်း မုံလာ၊ စုံစွာ ဘူး, သခွား
ပဲမျိုးစုံလင်၊ ခရမ်းချဉ်
ဗီတွင်စိုက်ပျိုးထားသည်နှင့်လေး။

* ပြည်နှင့်ကျော်ကြား၊ ငိုးသား“ဖင်းမယ်”
လက်မှုရက်ကန်း၊ ဖျင်ကြမ်းအသွယ်သွယ်
တဘက်ခြုံထယ်(ထည်)၊ လွယ်အိတ်“သိုးမွှေး”
ရက်ကန်းပျိုဖြူ အင်းလေးသူ
ယဉ်မှုဟန်နွဲ့ အေးသည်နှင့်လေး။

သတင်းမွှေးသမျှ၊ ကမ္ဘာ့အံ့ဖွယ်ရာ အလီသီ။
အင်းလေးအလှ၊ မြန်မာ့ရတနာ ရွှေပန်းချီ။

**မောင်ရွှေနွယ်(အင်းလေး)**

ရင်မှာလန်းသည့် ပန်းအလင်္ကာ ကဗျာစာအုပ်မှ

## ဆွေမျိုးတော်တယ်

ယခုဒီစာဖတ်နေသူဟာ
ကျွန်တော်နဲ့
စပ်ရင်. . . ဆွေမျိုးတော်တယ်။

ဟောသည် ပြည်တောင်စုမှာနေထိုင်တဲ့
တိုင်းရင်းသားတွေအားလုံးဟာလည်း
ဆွေမျိုးစပ်ရင်. . . ညီပုလေးနဲ့ ဆွေမျိုးတော်တယ်။

ကျွန်တော်တို့ဟာ လူသားတွေဖြစ်ကြတဲ့အတွက်
ခံစားခွင့် ညီတူညီမျှရှိကြတယ်. . . ဟုတ်လား။

ဒါပေမဲ့ ခံကြရတာတူပြီး
စားကြရတာတော့ မတူညီခဲ့တာ
ဝမ်းနည်းဖို့ပဲ။

မကြာခင်မှာ. . . ဝမ်းသာကြရမှာပါ။

ကျွန်တော်တို့အားလုံး
နားလည်ချစ်ခင် စည်းစည်းလုံးလုံး
လက်တွဲကြမှ ဖြစ်မယ်။

ညီပုလေး

အင်းလေး စာပေဟောပြောပွဲ အတွက် ဆရာညီပုလေး၏
ပေးပို့သော စကားစုကို စာစီထားခြင်းဖြစ်ပါသည်။

## အင်းလေး

* ခေမာရ်ရှင့်ရဲ့
မေတ္တာသားသက်သက် ဆမ်းထားတဲ့ရေပြင်
ဝမ်းကြားတိုက်ဟာ ရေချိုတွေနဲ့
အမှန်တရားကို ဖြန့်ကြဖို့
ခွပ်ဒေါင်းယာဉ်ဟာ နိုင်ငံကိုပတ်
အေးငြိမ်းရာ သစ္စာတရားအတွက်
မြတ်ဗုဒ္ဓရုပ်ပွားတော်တွေဟာ
ဒေသစာရီ ကြွချိန်
ဒေသခံတွေရဲ့ မျက်နှာမှာ
အမည်မသိ မျှော်လင့်ချက်တွေနဲ့
ရေပြင်ဟာ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲဖို့မလို
လက်နက်အစား၊
တက်တွေ ရွက်တွေနဲ့ပဲ နေလာခဲ့
ရိုးသားတဲ့ အလှပါလား
မြန်မာဆိုတာ နေရကျိုးနပ်တဲ့မြေ
အင်းလေး . . . ။

* "အပေါ်မှာလင်းနေသလောက်
အင်းထဲမှာ မလင်းသေးပါဘူး"ဆိုလို့
ဘာလင်းတာလဲမေးတော့
မီးရော၊ နိုင်ငံရေးရော၊ စားဝတ်နေရေးရော
ပြီးတော့ အင်းကိုလက်ညှိုးထိုးပြီး
လုပ်စားနေကြတဲ့ ခရိုနီတွေ

အိုင်အမ်ဂျီအိုတွေကြောင့်
အင်းဟာ ဒေသခံတွေအတွက်
ပိုမှောင်နေရပါတယ်တဲ့။

* အင်းလေးရေ . . .
ခင်ဗျားရဲ့ အေးမြတဲ့ရေအလျှင်ကြောင့်
တိုင်းပြည်လင်းခဲ့ရ
ခင်ဗျားကျမှ ဘာလို့မှားကွက်မှောင်နေရ
ရေပြင်ပေါ် ခြေတင်မိတာနဲ့
လက်လုပ် လက်စား ရေလုပ်သားများ
"ခုလုပ်ခုရောင်း တို့ရှေးဟောင်း
ဒေါ်လာထောင်သောင်း ရလေသည်။
တိုးရစ်တွေကြိုက် တောတောနိုက်"
၃၆ ကောင်အတိတ်
နှစ်လုံးထီထက်စောခဲ့ ယိုးဒယားတွေငိုမယ့်
တို့ရိုးရာ ၃၆ ကောင်တေး
အရှည်ဆုံးစောင်းတန်း ရွှေအင်းတိမ်မှာ
ကြားခဲ့ မြင်ခဲ့
တို့မြန်မာများရဲ့ နားမှာ
ဝွမ်းဆီထိခဲ့ အင်းလေး။

* ဒါဟာ ဝမ်းစာရေး
ဝမ်းတစ်ထွာအရေး အင်းလေးရေ
မိုးသားကြိုးစား
ဖောင်တော်ဦး ဘုရားဟာ
တို့မြေရဲ့ သာသနာ့အမွေစစ်။

* ကမ္ဘာကြီးဟာ အိုဇုန်းလွှာပေါက်သလို
မြေအောက်ရေချိုတွေခန်းခြောက်
အင်းလေးရေချိုကိုချစ်သူ ချစ်သလိုချစ်ပါ
အမှိုက်မပစ်ကြနဲ့
တို့ကိုမြင်ပြီး စီးပွားရှာကြမယ့်
ပေါင်းစားတွေကိုလည်း မချစ်ကြနဲ့
ဒီဒေသမှာ အင်းသား၊ အင်းသူ၊ ရှမ်း၊ ဓနု
ပအိုဝ်နဲ့ ဗမာတွေ
ပြည်နယ်ပြည်မ အလိုမရှိ
ဒိုးတူပေါင်ဖက်
ကောင်းတူဆိုးဖက်
ဂလိုဘယ်လိုက်ဇေးရှင်းအင်းလေး
ရှေ့မှာ အလင်းပေးနေပြီ
တို့ အတူလှော်ရအောင် အင်းလေး။

* တိုင်းပြည်ရဲ့
ရင်အုံတည့်တည့်မှာရှိတဲ့
နှလုံးလှတဲ့အင်းလေး
အမှန်တရားအတွက် အင်းလေး
လမ်းများအတွက် အင်းလေး
အလင်းရောင်အတွက် အင်းလေး
ဝမ်းစာအတွက် အင်းလေး
ယဉ်ကျေးမှုအတွက် အင်းလေး
ဒီမိုကရေစီအတွက် အင်းလေး
ဗိုလ်ချုပ်အောင်ဆန်းအတွက် အင်းလေး
ဒေါ်အောင်ဆန်းစုကြည်အတွက် အင်းလေး

အင်းလေးဟာ မြန်မာပြည်လှဖို့
အင်းလေးဟာ မြေကမ္ဘာလှဖို့
ငါတို့အားလုံး စောင့်ရှောက်စို့။

* ဒါပေမယ့် အင်းလေး
တရှုတ်ကျည်ဆန်က အင်းလေးထိလာမှန်တော့
ခြေနဲ့လှော်မယ့် လှေတွေမှာ
တရုတ်ဂွမ်ဒေါင်းသံ တညံညံနဲ့
ခေတ်မီတာလား တရုတ်မှီတာလား
ပြောပါအုံး အင်းလေး။

* ဘီလူးချောင်းတဲ့
နာမည်ဆိုးသလောက် သူ့စေတနာက
တိုင်းပြည်ကို လင်းစေတယ်
ဒီအလင်းတွေဟာ
ခင်ဗျားရင်ကိုခွဲပြီး လင်းခဲ့ရတာပါ
လေးစားပါတယ် အင်းလေး။

* အင်းလေးရဲ့သတ္တိဟာ
၂၄ နှစ်လုံး ပြားနေအောင် ဖိခံထားရတဲ့
ခွပ်ဒေါင်းအလံ ရဲရဲနီနေတာပဲ
ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး
ကိုယ့်အားကိုယ်ကိုးမယ်ဆိုတဲ့ မာန
တစ်နိုင်ငံလုံး မီးလင်းအောင်
အမေလိုဖြန့်ဝေနေပေမယ့်
ကိုယ့်ကျမှ ကိုယ်ထူကိုယ်ထ မီးလင်းရတဲ့

အင်းလေး ငါမသနားဘူး
ငါချစ်တယ်၊ ငါချစ်သလို
ညီပုလေး ချစ်တယ်
ကိုငြိမ်း ချစ်တယ်
ဦးဘုန်း ချစ်တယ်
စူးမြင့်သိန်း ချစ်တယ်
ဒေါက်တာ ထွန်းလှိုင် ချစ်တယ်
အားလုံး ချစ်တယ်
ဒါပေမယ့် ကျွန်တော့်ကိုပဲ. . . ပြန်ချစ်ပါ။

• အားလုံးချစ်ရင် လိုက်ဆို
"အရှေ့မှာ နေထွက်လို့၊
အနောက်ဘက်နေဝင်
မောင်လေးခင် အိမ်ပက်တုန်း၊
ပန်းသုံးပွင့်မြင်၊
ပန်းလှကိုမြင် ပန်ချင်လိုက်ပါဘိ
ပန်းသခင် မျက်နှာထားကြောင့်
(မကြီးရယ်) တောင်းအား မရှိ"
အင်းလေးရေရှိမှ မြန်မာပြည်အသက်ရှိမယ်
အင်းလေးရှိမှ ကဗျာရှိမယ်
အင်းလေးရှိမှ ကမ္ဘာရှိမယ်
အင်းလေး ဆိုတာ လူတိုင်း စောင့်ရှောက်ရမယ့်
မေတ္တာရေအိုင်၊ ငြိမ်းချမ်းရေးရေအိုင်
အင်းလေးတို့ အင်းလေး။

စောဝေ

## သမီးလေးအတွက် ... ကဗျာ၂၀၁၉/၁

သမီးရေ
ငါး သေလောက်မှာ
အရိုးမများရင်
မျိုးသုဉ်းတာ ကြာပေါ့
စားကောင်းတာကိုး။

သမီးရေ
ပန်း နှင်းဆီမှာ
ဆူးမပါရင်
ပွင့်ချိန်တောင်မရှိဘူး
သိပ်လှတာကိုး။

သမီးရေ
ဘဝသံသရာမှာ
အဆင်း အတက်မရှိရင်
ဒုက္ခကိုမသိနိုင်ဘူး
သတိမေ့တတ်ကြတာကိုး။

ဂျင်မီ

## အဝေးစကား

မျှော်လင့်ချက်မရှိသူအတွက်
မနက်ဖြန်ဆိုတာ အလကားပဲ။

သင်ခန်းစာမယူတတ်သူအတွက်
အတွေ့အကြုံဆိုတာ အလကားပဲ။

ခံစားချက်မရှိသူအတွက်
နှလုံးသားတစ်စုံဟာ အလကားပဲ။

ဦးဘုန်း(ဓာတု)

**Facebook** စာမျက်နှာများမှ
ကောက်နုတ်တင်ဆက်ပါသည်။

## ရှက်စရာတံငါအို

ကြိုးတလျှပ်လျှပ်နဲ့
ထိုးတုတ်နေသလားကွယ်

မင်းနဲ့ငါဒီပြိုင်ပွဲ
ခွဲမလျှော့နိုင်တယ်။

ချောပြင်မှာ ငါဘုရင်
မကြာခင်မင်းအသိ
ဟင်းအတိဖြစ်ရမယ်
ဝယ်သူလည်း မရှား။

လေနဲ့
ခြေကန်လို့ ကြိုးကိုဆွဲ
ဘွားခနဲရေမှာပေါ်
မော်တွေနဲ့ညား။

ရွှေညာခိုင်စိုး

## အင်းလေး

အနီးအဝေးအလင်းအရိပ်
တပြေးထဲတတွေးထဲ
ရောင်စုံမြင်ကွင်းများ သီကျွင်းထားပုံက
ကောင်းကင်မှာချိတ်ပွင့်နေတဲ့
ကြယ်စင်အိမ်ကလေးနှယ် တခမ်းတနား
တိုက်တေးသံဖွဲ့နိုးရာခလေ့
ပင်နီဝတ်စုံဆင်ယင် ယဉ်ကျေးမှုအသွင်
ပိန်းကောလှေစီး လူမှုဘဝအားမာန်
ကန်ရေပြင်ထဲ
ရုပ်ကြွရုပ်ပုံလွှာအဖွဲ့အနွဲ့
နတ်ပြည်အလား ထင်မှားလောက်ရဲ့
ငှားကျောင်းသားရဲ့ ပုလွေသံလွင့်ပျံ့ရာ
ဘုန်းတော်ကြီးကျောင်းမှ
တုံမောင်းခေါက်သံပျံ့လွင့်ရာ
ရွာဦးစေတီပေါ်မှ ခေါင်းလောင်းထိုးသံပျံ့လွင့်ရာ
နစ်မျောနိုးထသက်ဝင်နေတဲ့
အင်းသားအင်းသူတို့ခြေသံများ
နံနက်ခင်းဆည်းဆာထဲ
ညနေခင်းဆည်းဆာထဲ
ညခင်းဆည်းဆာထဲ
လောကသစ်သွန်းဆစ်နေပုံမှာ
ဇာတိမြေဂုဏ်ဆောင် ကဗျာကစ်ပုဒ်မည်နေတယ်။

လင်းထိပ်သျှင်

## ရောင်တော်ပြန်ကင်းရှင်းမှ ရန်တော်ပြောင်မယ့်ကိန်း

သိပ်ခက်တာပဲ
ပြောပြန်ရင်လည်း
ပက်လက်လှန်ပြီး တံတွေး ထွေးနေရသလို
ကိုယ့်အရိုးတွေက ကိုယ့်အပေါ် မေတ္တာမဲ့နေတဲ့
ခေတ်။

စား ဝတ် နေရေးရဲ့
ကာလပေါ် တေး ဆိုတာ
အစိုးရက အစိုးမရသေးသမျှ
စားရတာလည်း တရားဥပဒေးစိုးမိုးရေး
နေရတာလည်း တရားဥပဒေစိုးမိုးရေး
ဝတ်ရတာလည်း တရားဥပဒေစိုးမိုးရေး
ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့
ကျွန်တော် စားမသွေးချင်ပါဘူး အမေ - - -

ကြည့်နေတာကြာလှပြီ
အရွေ့တစ်ခုအတွက်
ကိုယ့်လှေကို ကိုယ်လှော်နေပါတယ်

ကျွန်တော်တို့ မြစ်ကျောမှာ
မသူတော် ဒိုက်ပုံတွေက များများ
အမေ့လှေကလေးရွေ့
ကန့်လန့်ခံရွေ့လျားနေကြ
ခရီးတွင်းဖို့ ခုတ်ထွင်ပစ်လိုက်ပါ အမေလို့
ကျွန်တော်မပြောရက်
ငြိမ်းချမ်းရေးတွေနဲ့ ပြုံးလှည့်ပါ အမေ
လှေမှန်ရင် ရေဆန်တွေ့လည်း
ရွေ့ပါလိမ့်မယ်။

အစ်ကိုကြီးက နွားလေး
ဘကြီးက သူ့ယေ်မြန်
ပြောပြန်ရင်လည်း
ဆူတာညံတာပဲ အဖတ်တင်
ငါးချဉ်တွေကလည်း မချဉ်တော့
ပြည်သူတံဆိပ်ကပ်ထားတဲ့ ငါးချဉ်တွေလည်း
ဈေးလျော့ခဲ့ပြီ။

နေရာဟာ
သေရွာမပါပါဘူး အမေ
တစ်နေရာစာအတွက်
နေပူလည်းခံ ညမှူလည်းခံ
ကျွန်တော်တို့သူပုန်ဆန်ခဲ့ကြပြီး အုံကြွခဲ့ကြ
လှေမှန် ကမ်းမှန် ဆိုက်စေချင်ခဲ့ကြရုံ။
လူ့အဖြစ်မှာ
လှေကြုံစီးချင်ကြရုံမဟုတ်

အာဏာရှင်လှိုင်းတွေ လာလာမပုတ်ရင်ပဲ
တျော့နပ်ခဲ့ကြ
ကျွန်တော်တို့ ပြောင်းလဲချိန်တန်ပြီ လို့
အသံနက်ကြီးနဲ့ လိုက်အော်ဟစ်ခဲ့ကြတယ်။

အမေက
လှိုင်းထန် လှေလူးကို ပဲ့ကိုင် ရွေ့လျား
လှေကလေးလည်း ရွေ့လျားရသမျှ
ရွေ့လျားနေရဲ့
လှေထိုးသားတွေက
ငါ့လှေငါထိုး ပဲခူးရောက်ရောက်
ငါးပိမလောက် ဆားမလောက်
ဒိုက်ပုံတွေအောက်မှာ
လှော်တက်ကို ဖျောက်နေခဲ့ကြ
အရွေ့ကို ဖီလာနေကြတယ် အမေ- --

စနစ်ဟောင်းရဲ့ ဝဋ်နာ ကံနာမှာ
မတရားမှုတွေကို
ရင်ကော့ခေါင်းမော့ ကိုယ့်အိမ်တံခါးလာမခေါက်ခင်ကတည်းက
အမှန်တရားအတွက် ကျွန်တော်တို့တော်လှန်ရေးစခဲ့ပါတယ်။
အမေမှာ မှာတဲ့အတိုင်း
သမိုင်းကိုအရှိုင်းမခံချင်ခဲ့ပါဘူး အမေ- --

ဒါပေမယ့်လေ
လေတွေသာ လေထုထဲ ပြည့်နှက်
အာဏာနဲ့ ဩဇာကို

ပြည်သူဟာ မကြည်ဖြူပေမယ့်
ခါးကော့အောင် အံကြိတ်ခံခဲ့ကြရ
သကောင့်သားတွေက
ပြည်သူနဲ့ မကူသေးဘူး အမေ - - -

စိတ်မပူပါနဲ့
သိပ်ပူနေလည်း အရေထူခဲ့ကြပြီး သူတွေမို့
ပြာပူမကြောက်စတမ်း
တာဝန်ယူပြီး တာဝန်မခံရဲတဲ့
ငရန်မန်ကန်းတွေအတွက်
ကျွန်တော်တို့ ကိုယ့်ဝန် ကိုယ်ထမ်းရပါတယ်
အမေ့လှေကလေးမှာ
အဖိုးရဲ့စကားသံတွေနဲ့ပြည့်နှက်
ပန်းမဝင်ခင် တက်မထောင်ကြနဲ့တဲ့
ရောင်တော်ပြန်တွေအတွက်
ကိုယ့်လှော်တက် တစ်ချက်အမှာ
တစ်ခါရွတ်သင့်တဲ့ မန္တန်
မျက်နှာမူရာ မှန်ကန်မှ လှေကရွေ့မယ်
ဒိုက်ပုံတွေ့လည်း ထိုးခွဲနိုင်မယ်
လှိုင်းထန်လေကြမ်း ဖြတ်သန်းနိုင်မယ်
ကျွန်တော်တို့ "တက်မထောင်ကြနဲ့" လို့
အော်ဟစ်နေမယ်
အမေ့လှေကလေး ရှေ့ကိုရွေ့ဖို့ - - ။ ။

ရာမိုးခင်

## အင်းလေးရေ...

ဝါးဆစ်ဘူးလေးကို ဓားနဲ့ခွဲချလိုက်သလို
သွန်ကျလာသော မေတ္တာတရား
စကားဝဲသော အင်းသူ အင်းသား
ရှေးရှေးတုန်းက ရေစက်များ

ဖောင်တော်ဦးဘုရားကို ဖူးမယ်စိတ်ကူးလို့
လှေဦးမှာ ရေဆူးကလေးတွေစီ
အင်းလှေကော် ခေနလှော်. . . နေရီရီ

ဖြည်းဖြည်းငြိမ့်ငြိမ့် တိမ်လိပ်တွေက ရေရိပ်ပေါ်ကျ
နောင်ကူး၊ မယ်ကူးအနားမှာ
ချစ်စွာသောဇင်ယော်တွေက ကြည်နူးစရာ

ကျွန်းမျောတွေကို ရေပြင်ကျယ်ကြီးမှာချိတ်
စိတ်နဲ့ရေးတဲ့ပန်းချီကို ကြာချည်မှာရက်တော့
တသက်မမေ့စရာ ချစ်စရာ့အင်းလေးလက်ရာ

လွမ်းစရာအကြောင်းကို ပန်းပေါင်းပြီးလျှလိုက်မယ်
ရှည်စူးတဲ့ စေတီဦးမှာ. . . နေ့ယောက်ညီတောင်းဆု
ကောင်းမှုအလီလီ။
ရှေးရှေးတုန်းကရေစက်များဟာ
အင်းလေးထဲပေါင်းဆုံပြီး
အတည်ငြိမ်ဆုံးငြိမ်းချမ်း
အင်းလေးဆိုတာ. . .
ရေစက်တွေနဲ့ခင်းထားတဲ့လမ်းဖြစ်နေတယ်။ ။

တင်ယုယုနိုင်

## လောက

အနည်း နဲ့ အများ မဲခွဲကြကြေး ဆိုရင်တော့
ခွေးနဲ့ ဖက်ပြန်ကိုက် သူတော့ ရှားမှာပါ. . .

ကံ ကြမ္မာက ပေးလို့ ခွေးဖြစ်တာချင်း အတူတူ
လူစကားနားလည်တဲ့ တိရစ္ဆာန်တော့ ရှားမှာပဲ. . .

ထားပါတော့ . . .

ဒီ ပစ္စုပ္ပန်ကြီးက ဘက်မညီပါဘူးဆိုမှ
အတိတ်က ရွှေထီး ဆောင်းခဲ့ကြောင်း. . .
ပြောတဲ့သူက ပြောတယ်. . .

မမြင်နိုင်တဲ့ အနာဂတ် ခက်ခက်ခဲခဲတွေးပြီး
လွယ်လွယ်လေး ပြောတဲ့သူက ပြောတယ် . . .

လူ့ဘဝဆိုတာ . . .
ရှုန်းကန်ဖူးမှ သိကြတာ ဆိုပဲ။

ဘက်မညီတဲ့လောက ယခု ဘဝ မှာ
တက်ညီလက်ညီ ဆိုတဲ့ စကားကို နားလည်ရင်
သိပ်ကောင်းကြမှာပါ ။ ။

ကိုနွေသစ် (ဒဂုံမြေ)

## မဝေးတဲ့ဖူးစာ

တောင်ထားဝယ်နဲ့ မြောက်ထားဝယ်
ဆုံကြရာဝယ်
လက်ရေတပြင်တည်း။

ငါးထမင်းနယ် ဆေးခါးဟင်းကို
အုန်းပိရည်ဖျော် လီကလော့ဝန် န
(ပအုန်းရည် ငါးပိဖျော်၊ ငါးလိပ်ကျောက်ကင်နဲ့)
နှလုံးသားထပ် ရောဖတ်နယ်
မြိန်ယှက်ကာ အတူစားမကွဲ့။

ငယ်ဖော်လို တို့ခင်မင်
ဝေးတယ်လို့ မမြင်
ဝေးတယ်လို့ စိတ်မကွဲ ချစ်ကြည်ရင်းအမြဲ။

ကျွန်းမျောနဲ့ စိုက်ခင်းပြင်
ရေပြင်ပေါ် လှစီတန်း
တောင်ပြာတွေ ဝန်းရံခဲ့တဲ့
အင်းလယ်က ရွှေကြာပန်း
နှောင်ကူးနဲ့ အတူခူးလို့
မြတ်ဖောင်တော် စေတီဦးဝယ်
ဌာနေတို့ သာစေကြောင်း
ဆုတောင်းက မေတ္တာဝေ. . . အေးချမ်းပါစေ။

တို့ရိုးရာက တို့တာ
လက်ခတ်သံ တညံ့ညံ့ အောက်
ရေပေါ်က အိမ်တလေးတွေ
ဖော်ရွေလို့ ကြိုဆိုနေ စိတ်ရင်းနဲ့ ဖေ။

ခြေနဲ့လှော် ပိန်းကောလှေထက်
ဖြူစင်တဲ့ မောင်ကြီးအပြုံး
ရွှေဝယ်သူ ကျွန်မ ရင်ဖိုရတယ်
တို့နှောင်ကူးရယ် ဘယ်မခွဲ မိစုလက်ကိုတွဲ။ ။

စုစုလှိုင် (ကံပေါက်)

## ဆန်းတင့်အင်းလေး

* တောင်သေလာ ပတ်ကာဝိုင်းပါလို့
လယ်ငွေချာ ရေပြာလှိုင်းရယ်နဲ့
နှိုင်းစေရာ နန္ဒာတိုင်းပေပါ့
ရှမ်းတိုင်းရဲ့ သဲ(အသည်း)လှာမြေ
အင်းလေးဌာနေ။

* ရွှေပေါ်မှာ ငွေဖြာကနုတ်တွေနဲ့
လှပစွာ ဆင်ယင်ထုတ်ပါတဲ့
ပန်းထိမ်လုပ်တဲ့ ပညာတွေ။

* ဆွမ်းအုပ်မှာလေ
ထွင်းထုကာ ဆယ်ဖြာဇာတ်တွေနဲ့
ငွေဖလားမှာ ခတ်ကာနှိပ်တဲ့
ဖြိုလ်ရှစ်လှာရဲ့ ရုပ်စုံတွေ
ပန်းဘဲဆရာ ထုကာလုပ်တဲ့
မာစတာ သံချောင်းကိုလည်း
ဖယောင်းလိုပဲ လိုရာစေ
အတတ်စုံပါပေ ပန်းဆယ်မျိုး။

* ကမ္ဘာမှာ ဝင့်ကြွားအောင်
ပန်းချီကြာ ယက်ကာဖောက်တဲ့
လက်ရာမြောက် ကြာချည်ထည်
ကွယ်ပျောက်မှာစိုး။

* ရှင်မြတ်စွာ ဖောင်တော်ဦး
ဒေသစာကြွချီဖူးပါစို့
သီကျူးဆို တေးသံဖွဲ့
ကကြိုးစုံလင်နဲ့
လှေယဉ်လှော်တဲ့ ပျိုဖြူများ။

* လှေပဟာသံ တမြိုင်မြိုင်နဲ့
မိုးယံတိုင် လွင့်ကာနေတဲ့
ရာကျော်လှေရဲ့ အလှတရား။

* ကမ္ဘာရှာမှရှား
အင်းသားဟုခေါ်သည်
နှလုံးသားဝင်းပကြည်
ခန့်ထည်တဲ့စိတ်မွေး။

* ပိုးချည်ထည် စုံလင်သွေးနှင့်
ဆန်းတင့်အင်းလေး။

မယ်သီရိ (အင်းလေး)

## ရှိုးရာဓမ္မသူများသို့

သူငယ်ချင်း
ကားအင်ဂျင်ဟောင်း
စက်တပ်မောင်းလို့
ကံကောင်းပြီလို့မထင်နှင့်. . .

သူငယ်ချင်း
ဟွန်ဒါစက်ခေါင်း
စက်တပ်မောင်းလို့
ကံကောင်းပြီလို့မထင်နှင့်. .

တို့တွေရိုးရာ
ခြေထောက်နှင့်သာ
လှေလှော်ပါမှ
နောင်ခါဖျက်နှာပွင့်လိမ့်မည်. .

မောင်ရာကျော် (အင်းလေး)

## လေ

စီးချင်ရင်စီးလိုက်
ဒါပေမယ့်
ခရီးပေါက်အောင်တော့သွားရမယ်။

တင်ချင်တင်လိုက်
ဒါပေမယ့်
မြင်ချင်စိတ်တော့ထားရမယ်။ ။

ကိုကူး

## ချယ်ရီပွင့်ပြီခင်

ဟိုအတိတ်ဆီက
ထင်းရှူးမြေ သေလာရိပ်ကိုတဲ့
မဖိတ်ပါဘဲ လာသူ ခင် ။

ချယ်ရီကို မြင်ပြန်တော့
ပန်ချင်တယ် မောင်ဦးဆိုလို့
မောင် ခူးကာဆင် ။

ခုလည်းတလီ
ချယ်ရီတွေပွင့်ပြီ ခင်
ပန်ချင်လျှင် ပြန်လာလှဲ့ ။

မျှော်သော်လည်း ပေါ်မလာ
ရွှေညာသူ ကေသာနန်းဟာဖြင့်
မှေပန်းကယ် တလွင်လွင်နဲ့
မှေပင်ကို တမင်စိုက်လို့
မှေလိုက်ပြီတဲ့ ။ ။

ရှန်လော

# ကြက်

အစာနဲ့ ရေခွက်. . .
ငါ နည်းနည်းအသက်ဆက်လို့ရသေးတယ်. . .

မနက်ဖြန်လား ဒီနေ့လား
ကိုယ့်ကိုကိုယ် ဟင်းတခွက်အဖြစ်တွေးထားမယ်. . .

လွတ်မြောက်ခွင့်မရှိတဲ့ နှောင်ကြိုးနဲ့
အင်း. . . ညဆိုးအိပ်တန်းဝင်ဦးမယ်။ ။

ပဋိ

## ဇော်ခတ်နေတုန်းကြားလိုက်ရတဲ့အသံ

ခုနစ်ပြည်ထောင်မင်းအပေါင်းမှာ
ထီးဆောင်ဘုရင်တစ်ပါးဆိုတာ ရှိခဲ့ပါသတဲ့
ဒါတော့ သူ့အကြောင်းတရားနဲ့သူ။

သက်ဦးဆံပိုင်ခေတ်မှာဆိုတဲ့သီချင်း
ဘုန်းတော်ဘွဲ့ကလွဲလို့
ဘာတွေများ စာရင်းဝင်နိုင်ဦးမလဲ။

လူအိုတစ်သက်လောက်
ကယောက်ကယက်ဖြစ်ကြလို့အပြီးမှာ
ကျောင်းနေအရွယ်လောက်လည်း
ကမောက်ကမဖြစ်ခဲ့ရသေး။

ဘုံနိုင်ငံရေးရည်မှန်းချက်
ဖက်ဒရယ်ပြည်ထောင်စု အိပ်မက်
ကိုယ့်ပြည်ကိုယ့်ရွာကို ကိုယ့်လက်နဲ့ဖက်တွယ်ဖို့
စက်ငယ်လေးလို့ မြင်မိတယ်. . .

ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုတာ
ငါတကောကောဖို့ လိုင်စင်ထုတ်ပေးလိုက်တာမဟုတ်
ကြိုက်သလိုဖွဲ့စားလို့ရတဲ့ မုန့်လေပွေမဟုတ်
ကိုယ့်ဝန်ကိုယ်ထမ်းပြီး
ပြည်ထောင်စုလမ်းကြီးကို လျှောက်လှမ်းဖို့ပဲ။

သာတူညီမျှ တဲ့
စကားလုံးလေးက လှတယ်
တိုင်းရင်းသားအချင်းချင်း ဘာကူညီရမလဲဆိုတဲ့အတွေး
၁၃၅ လုံးသော ဝါးလုံးလေးတွေဟာ
အကြီးအသေးဘယ်တူလိမ့်မလဲ
ဒါပေမယ့် ဆောင်တတ်ရင်
ဖောင်ခတ်လို့ရပါတယ်။

စည်းလုံးကြမယ်. . . ချစ်ခင်ကြမယ်
မီးခိုးမစဲ ယမ်းမစဲ တိုင်းပြည်ထဲမှာ
ဖရုသဝါစာနဲ့ အဆဲလေးတွေရပ်
လေသေနတ်တွေသိမ်း
တကယ်တမ်း တိုက်နေခိုက်နေကြတဲ့
စစ်မီးလည်း ငြိမ်းပါစေ. . .
စစ်ငယ်လည်း ငြိမ်းပါစေ. . .
စစ်ရှောင်စခန်း တွေလည်း
အချစ်ဆောင်နန်းတွေဖြစ်ပါစေ. . .

ကွန်ဖြိုး

## ပိန်းကောလှေ (၂၆)

တချို့နေရာမှာ ကစ်လှေခေါ်
အချစ်တွေနဲ့လှော်ကြတယ်။

တချို့အရပ်က ကတ်လှေသုံး
လှော်ခတ်လာကြ တစ်သက်လုံး။

တချို့ရွာမယ် လှေဆနယ်
ခေပယ်တင်လို့ သွားကြမယ်။

ကျွန်းသားအစစ်မို့
စွမ်းအားအသစ်တွေရှိပါရဲ့။

တို့မိုင်းပျိုးမှာတော့ ပိန်းကောလှေ
ငြိမ်းသောရေမှာ လှေလှေဟော
လှေလှေလှေလှေလှေလှေလှေ. . . . . ဟော။

အယ်ကျော်မြတ်နိုင် (အင်းလေး)

## အမှိုက်များနှင့် စိန်ခေါ်သံ

အမှိုက်စား
အမှိုက်တွေများတဲ့ပတ်ဝန်းကျင်။

အပြင်ကိုကြည့်
တစ်ခွင်လုံးမှာ အမှိုက်တွေအပြည့်
အတွင်းကိုကြည့်
တစ်ရင်လုံးမှာ အမှိုက်တွေအပြည့်။

အမှိုက်
ခေါင်းစဉ်ကိုတော့ကြိုက်တယ်
စာသားကတော့ သိပ်မဖိုက်ဘူး၊
အမှိုက်
တရားခံရှာမတွေ့ဘဲ
သက်သေပဲဆင့်ခေါ် နေရ။
အမှိုက်
ငါ့အိမ်ဝင်းထဲလာလွှတ်ထားတဲ့မြွေပွေးလို
ငါပိုင်တဲ့ပစ္စည်းမဟုတ်ဘူး၊ ငါနဲ့ဆိုင်တယ်။

ဟုတ်တယ်လေ
လောကကြီးမှာ ဘယ်အမှိုက်ကမှ
ကိုယ်ပိုင်ရဟတ်ယာဉ်မရှိဘူး။

အယ်ကောင်း

# ရောင်နီဦးရဲ့အသံ

ထမင်းဆီဆမ်းနဲ့ ရွှေလင်ပန်းတမ်းချင်းကြောင့်
ကိုယ့်ကိုကိုယ် ပြောင်းလဲခွင့်ရှိရက်နဲ့
လောကကြီးကိုပဲ ပြောင်းလဲပြစ်တင်နေမိကြ

တို့လူကလေးများ ဆိုသလေ(ဝေလေလေ)ကြောင့်
အောင်မြင်မှုနည်းလမ်းရှိရက်နဲ့
ဆင်ခြေတွေ ပေးနေမိကြ

မိုးခါးရေကို တစိုက်မတ်မတ်သောက်သုံးနေခြင်းကြောင့်
ပန်းတိုင်ရောက်အောင် ဆုံးဖြတ်ချက်ချနိုင်ပါရက်နဲ့
ဦးတည်ချက်ပျောက်နေမိကြ

အရာရာတိုင်းကို မျှော်လင့်ချက်မဲ့နေရင်း
ခါးခါးလာတဲ့ဘဝတွေ. . . ရေမျောကမ်းတင်

ရောင်နီတွေ ဝေစေမယ့်စာပေ
ကမ်းလက်တစုံတရာရှိလည်း လှမ်းမယ့်သူမရှိရင်
လမ်းအသင့်ပေမယ့် ဘူတာဆိုတာ ဝေးဆဲ. . .

လွှမ်းခြွေးတမ်းတမှုတွေ အမှုမဝေရင်နေပါ
ကြေးစည်သံလေး နားစွင့်လို့
အိပ်မက်သံသရာက နိုးထစေချင်မိတယ်။

မယ်နှောင်းနှောင်း(အင်းလေး)

## အင်းလေးသင်္ကြန်

အင်းလယ်မှာ လှေလှောင်းနဲ့
ဆွမ်းလောင်းကြ ကုသိုလ်ယူ
တို့အဲင်းဆား စိတ်ထားဖြူ . . . ။

နွေပူပူ
ဘယ်သူလာ ရင်ဝယ်အေး၊
အင်းလယ်မှာ သင်္ကြန်ပွဲ
နွှဲလိုက်ချင်သေး။

မောင်ကြီးရယ်လာခဲ့ပါ
မယ်လေးရယ်လာခဲ့ပါ
သင်္ကြန်ခါ တူစုံတွဲ နွှဲရအောင်သာ။

ကုသိုလ်ပြု ပျော်ရွှင်စွာ
ရေပေါ် သင်္ကြန် ချိန်ခါပွဲ၊
စုံညီညာ ခြိမ့်ခြိမ့်သဲအောင်
ပျော်ကြဆင်နွှဲ။

မောင်ရာကျော်(အင်းလေး)

## နှစ်သစ်ဆုတောင်း

ဖက်ဆွတ်ရေတိုး သကြၤန်မိုး
သွန်းဖြိုးရွာစွေ အေးပါစေ ။

ရွှေရည်ဝင်းမောက် နွေပိတောက်တို့
ကြိုင်လှောက်သင်းပျံ့ မွှေးပါစေ။

ကန်သာအင်းလေး ရေပြင်ဖွေး
အေးမြကြည်သာ ရှိပါစေ။

နှစ်သစ်ဦးမှာ ချမ်းမြေ့စွာလျှင်
သာယာရွှင်ပျ လှုမြလှစွာ
မွှေးမြနှင်းဆီ ပွင့်ပါစေ။

အဲင်းစာအလှ တူညီမျှ
လှပတင့်တယ် ပွင့်ပါစေ။

တို့ရဲ့အဲင်းဆား မောင်မယ်များ
ချစ်အားပိုစေ တို့စာပေ။

အမျိုးကိုချစ် အဲင်းကိုချစ်ကာ
အနှစ်ရင်မှာ စိတ်ချမ်းသာ၍
ဘယာကင်းပနိုင်ပါစေ ။

သာသနာ့အကျိုး ဘာသာကျိုး
လူမျိုးအကျိုး ဆောင်နိုင်စေ ။

မဆုတ်မနစ် ဇွဲမာန်သစ်
ထုဆစ်တက်သူဖြစ်ပါစေ ။ ။

ညိုမြခင်

# ရေပေါ်သင်္ကြန် မပျော်ရန်

သင်္ကြန်နေ့ဦး တူးပို့တူးပို့ဟာ
ဟို အနောက်ဆီကလာတဲ့တူရိယာနဲ့
စပီကာလုနေရတဲ့အခြေ။

ပိတောက်ပန်းလေးနဲ့လှတဲ့မေ
တရုတ်တွေကပေးနဲ့ ပန်းကပ်အတုတွေနဲ့
မဏ္ဍပ်လုနေရတဲ့အနေ။

ကြိုးကြိုးချိတ်နဲ့ ယိမ်းသမလေးတွေ
ကြိုးတစ်ချောင်းနဲ့ တမျိုးပြောင်းပြန်တော့
အမျိုးကောင်းသားတွေဆိုတာကလည်း
ဖျော်ယမကာကို ပျော်စရာလုပ်လာတဲ့ နေ့။

ကိုယ်တို့ရဲ့ မောရှမ်းမြေ
ချယ်ရီကြွေ မြေမှာညောင်းပြီပေါ့
အော်. . . တပေါင်းကိုတော့ ကျော်ပြီလေ။

သက်နွှတဲ့
အမြင်မှန်ရဖို့ ကြိုးစားနေဆဲတို့တိုင်းပြည်
တမင်ခံရတာတွေ အစဉ်ကြုံဆရင်း
ပြင်ရန် ဆိုတဲ့ဘဝက မလွတ်မြောက်နိုင်သေး
တန်ခူးရေရဲ့ အေးပါ့မယ်။

မန်းဒိုးသည် တညီညီထွက်သလိုပ
ရှမ်းအိုးစည် တညီညီထွက်မယ်လို့
ဒီနှစ်မှ ပက်မယ့် ရေပေါ်သကြိန်မှာ
မေရယ်. . . ဘယ်ပန်းကိုပန်မလဲ။

တို့တွေရဲ့ ရေပြင်အင်းမှာတော့
ပိတောက်လို မထင်လင်းပေမယ့်
တယောက်ဖို့ ရင်တွင်းအထိ
တင်သွင်းမယ်လို့တွေးရမှယ်
အင်ကြင်းငယ်က မွှေးလှတယ်။

တို့ဘိုးဘေး အမျိုးပေးခဲ့တဲ့
အင်းလေးရဲ့ ယဉ်ကျေးမှုဂုဏ်
နိုင်ငံတကာကို ထင်ဟပ်ပြဖို့
အတ္တတွေကိုဆေးလျှော်
သာတူညီမျှ ပျော်ကြမယ်။

မြန်နွှာ ရေညီညီ ရစ်ကာသန်းသလိုပ
အင်းကန်သာ ရေချိုချို သစ်ကာဆန်းပါရဲ့
အရှေ့ဘက် ကမ်းတောင်နိုပ်နိုမလား
အနောက်ဘက် ကမ်းတောင်ရိုပ်နိုမလား
ပန်းခေါင်ထိပ်တို့ ပျော်တဲ့မြေ
သကြိန်ရေနဲ့ အေးပါစေ. . .

တောင်တန်းအထပ်ထပ်အောက်မှာ
ဖောင်မကျွာပ်နဲ့ ရေနန်းဗိမာန်
ရှေ့ဖြန်းဖို့ တကာယ့်စိတ်အကြံကို
ပုံချိုတ်ပေါ်တင်ပြီး သွန်ထံလာခဲ့မယ်
ရွှေရက်သကြိန်နွေ အရောက်မှာတော့
ရေပက်ခံလှေ မှောက်အောင်လောင်းတော့ကွယ်။

ညမှာ ရိုးရာအကပြိုင်ပွဲ
အလှတဖြာ တိုးကာ ခဏဆိုင်နွှဲမတဲ့
ယိမ်းနွဲ့နွဲ့ စုံပဝါနဲ့ ဆန်းတွေတလာ
စိမ်းလှဲ့လှဲ့ ပဒုမ္မာရဲ့ ပန်းရွှေကြာ
လေညင်းအလာ ညင်ညင်သာလှုပ်သလို
ရွှေအင်းမှာ အစဉ်အလာသရုပ်ဆိုချင်ရဲ့
ကြွေဖို့လိမ်း အလှအပတွေစုညွှတ်နှုးလို့
မေတို့ယိမ်း ပထမ ရွှေဆုဆွတ်ခူးပါစေ့ချင်။

သကြိန်အဆင်နဲ့ ရိုးရာဖက်ရှင်
တမျိုးတဘာသာဆက်ထွင်မလား. . .
တို့အဝတ်အစားကို တို့ဝတ်ပြမှ
တို့အသွေးအသား တို့အလေးထားမှ
တို့အဆင်အသွေးနဲ့ တို့ယဉ်ကျေးမှ
အော်. . . အင်းလေးဆိုတာ
လူယဉ်ကျေးတို့ရဲ့ ပဋိရူပါ
လူထင်မသေးဖို့ သတိမူပါမေ. . .

နေကောင်းဖို့ ရေလောင်းပြီးရင်
အစွမ်းကောင်းဖို့ ဆွမ်းလောင်းကြမယ်. . .
အချစ်စစ်နဲ့ အနားမှာရေပက်ရလို့
နှစ်သစ်ရဲ့ တရားနာရေစက်လည်းချရမယ်. . .
လွတ်လပ်ငြိမ်းချမ်းမှုကို ခူးဆွတ်ပြီး
ထွတ်မြတ်ကိန်းခန်းကို ဦးညွှတ်ကြမယ်. . .
ဒါဟာ. . . အင်းသားတို့ရဲ့ စိတ်မာတ်လို့
ကမ္ဘာမှာ သတင်းစကားနဲ့ တံဆိပ်ခတ်ကြမယ်. . .

(တို့လူခဲတွေရယ်)
ရေပေါ်သကြန် အကြိမ်ဆက်ကာ ကောင်းစေဖို့၊
မေပျော်ရန် ချိန်စက်ကာ လောင်းလေစို့ကွယ်။ ။

**အယ်ကျော်မြတ်နိုင် (အင်းလေး)**